ဟဒတ်စ် (ဝူဿွူပျက်ခြင်း) ဖြစ်သွားလျှင်

ဝူဿွူပြန်မလုပ်မချင်း အသင်တို့အနက်

မည်သူ၏ဆွလာသ်ကိုမျှ အလ္လာဟ်အရှင်မြတ်က လက်ခံတော်မူမည်မဟုတ်ပေ။

အဗူဟူရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ဟဒတ်စ် (ဝူဿွူပျက်ခြင်း) ဖြစ်သွားလျှင် ဝူဿွူပြန်မလုပ်မချင်း အသင်တို့အနက်
မည်သူ၏ဆွလာသ်ကိုမျှ အလ္လာဟ်အရှင်မြတ်က လက်ခံတော်မူမည် မဟုတ်ပေ။
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က ရှင်းပြတော်မူသည်မှာ ‘သွဟာရသ်’ သန့်ရှင်းစင်ကြယ်မှုသည် ဆွလာသ်အထမြာက်ရန်အတွက် လိုအပ်သည့် စည်းကမ်းချက်များတွင်ပါဝင်သည်။ ထို့ကြောင့် ဆွလာသ်ဝတ်ပြုလိုသူသည် ကျင်ကြီး၊ ကျင်ငယ်သွားခြင်း၊အိပ်စက်ခြင်း အစရှိသော ဝူဿွူပျက်စေသည့် ကိစ္စများပြုလုပ်ခဲ့ပါက ဝူဿွူပြုရန်တာဝန်ရှိသည်။

http://sunnah.global/hadeeth/my/show/3534